စိုးစိုးစာပေ

# မြလဲသွယ်

အချစ်ရဲရဲ အသည်းရင့်ရင့်

# အခန်း (၁)

"တူ...တူ...တူ"

အောင်ကေတုသည် သူ့မျက်စိရှေ့တွင် ရှိနေသော စာရင်းဇယားများကို ငုံ့ကြည့်နေရာမှ ဖုန်းသံမြည်လာ ခြင်းကြောင့် စာအုပ်ကို မျက်စိက မခွာဘဲ ဖုန်းခွက်ကို ကောက်ယူ နားထောင်လိုက်သည်။

"ဟဲလို"

"ဆရာ... ကျွန်တော် မောင်စိန်ပါ"

"အေး... ပြော"

တပည့်ကျော်မောင်စိန် ဖြစ်နေသဖြင့် အောင်ကေတု အေးဆေးညင်သာစွာ ဆိုလိုက်သည်။

"ဟို... ကျွန်တော်တို့ ကို ရောင်းမဲ့မြေကွက်ကိစ္စ အခု တစ်ဖက်က ကျွန်တော်တို့ ကို မရောင်းတော့ဘူး တဲ့ ဆရာ"

"ဘာကွ"

"ဟုတ်တယ်ဆရာ... ကျွန်တော်တို့ ပေးထားမဲ့ စရန်ကိုလည်း လက်မခံဘူး၊ တခြားတစ်ယောက်ကို ရောင်းလိုက်ပြီတဲ့ "

"မဖြစ်နိုင်တာကွ၊ မနေ့တုန်းက အဲဒီလို မဟုတ်ပါဘူး၊ ဒီလူ ဘယ်လိုလုပ်တာလဲ၊ ဒါနဲ့ သူက ဘယ်သူကို ရောင်းလိုက်တာလဲ"

"ဟို... ဟို ဒေါ်ခင်ချမ်းသာတဲ့ ဆရာ"

"ဘာ"

"ဟုတ်တယ် ဆရာ... ဒေါ်ခင်ချမ်းသာက ဆရာပေးထားတဲ့ ဈေးထက် ပိုပေးပြီး ဝယ်လိုက်တာလို့ ပြောပါတယ်"

"တောက်... ကွာ ဒီမိန်းမတော့ သိပ်လွန်နေပြီ၊ အေး... ဦးတိတ်ကြည်ကို ပြောလိုက်၊ ငါ အခု လာခဲ့ မယ်လို့ "

"ဟုတ်ကဲ့ပါ ဆရာ၊ ဟုတ်ကဲ့"

"ဂျောက်"

လက်ထဲက ဖုန်းခွက်ကို ဒေါသဖြင့် ဆောင့်ချလိုက်ပြီး နေရာမှ ဝုန်းခနဲ ထရပ်လိုက်မိသူက အောင် ကေတု ဖြစ်သည် ။

ဒေါ်ခင်ချမ်းသာဆိုသည့် မိန်းမကတော့ နည်းနည်းမှ မလွယ်ပါလား။ သူ၏ စီးပွားရေးလုပ်ငန်းကိစ္စ တိုင်းမှာ ဒေါ်ခင်ချမ်းသာနှင့် အောင်ကေတုတို့ မကြာခဏ ပြဿနာ ဖြစ်နေကြရသည် ကလည်း ဒါ ပထမဆုံး အကြိမ် မဟုတ်တော့ပါ။

မကြာခဏဆိုသလိုပင် သူဦးရင်ဦးသလို လုပ်ပြီး ကိုယ်ဦးရင်လည်း အရင်လက်ဦးမှု ရယူတတ်တာမို့ ခင်ချမ်းသာဆိုသည့် သူမကလည်း အောင်ကေတုကို လုံးဝကြည့်မရသလို အောင်ကေတုကလည်း ဒေါ်ခင် ချမ်းသာ ဆိုတာနှင့် ပင် ခံပြင်းဒေါသ ဖြစ်ရသူဖြစ်သည် ။

ယောက်ျားနှင့် မိန်းမမို့ နေရာတကာ သူမနှင့် အပြိုင် အခုလို ဖြစ်နေရတာကိုလည်း အောင်ကေတု ကိုယ် တိုင် သဘောမကျနိုင်ပေမဲ့ ကိုယ်ကစပြီး လက်လျှော့အရှုံးပေး လိုက်ရမှာ မျိုးကိုလည်း စိတ်မဝင်စားပါ။

ဖြစ်ခြင်းဖြစ် မိန်းမသားဖြစ်သည့် ခင်ချမ်းသာဆိုသည့် မိန်းမကသာ အောင်ကေတုလို ယောက်ျားတစ် ယောက်နှင့် ယှဉ်ပြိုင်ပြီး စိန်မခေါ်ဘဲ လက်ရှောင်သွားသင့်သည် ဟု ထင်သည် ။ အခုတော့ ခင်ချမ်းသာဆိုသည့် မိန်းမက အောင်ကေတု ထင်သလိုမဟုတ်။

ကိစ္စတိုင်းမှာ အောင်ကေတုဆိုသည့် သူနှင့် လိုက်ပြီး အနိုင်အပြိုင် ကျဲနေသည် ။ အောင်ကေတုရဲ့ စီးပွားရေးကိစ္စတွေမှာ သူမက ပွဲဖျက်နေသည် ။ ဒါကို သူ့ဘက်က ဒီအတိုင်း လက်လျှော့ အရှုံးပေးနေလို့ မဖြစ်တော့။

အောင်ကေတု ဘာကောင်လည်း ဆိုတာ သိရအောင် လုပ်ပြမှ ဖြစ်တော့မည်။ စာရင်းစာအုပ်တွေကို ကျောခိုင်းပြီး ကားသော့ကိုဆွဲကာ တပည့်ကျော်မောင်စိန် ရှိနေမည့် ဦးတိတ်ကြည်အိမ်ကို သူ့ကားလေးကို ဦးတည်လိုက်သည် ။

အဆင်သင့်ပင် ဦးတိတ်ကြည်ကို တွေ့လိုက်ရသဖြင့် အောင်ကေတု နှုတ်ခမ်းအစုံ တင်းခနဲ ဖြစ်သွား သည် ။

"ဘယ်လိုဖြစ်တာလဲဗျာ... ဦးတိတ်ကြည်"

"ကျွန်တော်လည်း မတတ်သာလို့ ပါဗျာ၊ တစ်ဖက်က ဓွတ်အတင်း ငွေပုံပေးနေတော့လည်း ငြင်းရခက် တယ်ဗျာ၊ ခင်ဗျားလည်း စီးပွားရေးသမားပဲ၊ ငွေဆိုတာ သည်းခြေကြိုက်ဗျာ့၊ ဒီတော့လည်း ငွေပိုပေးတဲ့ လူနောက် လိုက်ရတာပေါ့လေ"

"ခင်ဗျားဗျာ"

ဦးတိတ်ကြည်ပြောတာ မှန်နေသမျှ အောင်ကေတု ပြောရခက်နေစဉ်မှာ ပင် သူတို့ ရှိရာသို့ နောက်ဆုံးပေါ် အကွဲရာနံပါတ်ဖြင့် ကားလှလှ

လေးတစ်စီး ထိုးဆိုက်ရပ်တန့်လာတာကို မြင်လိုက်ရသည် ။

"ဟော… ဟိုမှာ ဒေါ်ခင်ချမ်းသာ လာပြီဗျာ့ ဦးအောင်ကေတု"

အဲဒါ ကျုပ်က ဘာလုပ်ရမှာ လဲဆိုသည့် စကားကို အောင်ကေတု စိတ်ထဲက ဆိုလိုက်ပေမဲ့ အပြင်မှာ တော့ တည်ခန့်ချောမောသော သူ့မျက်နှာကို မှုံတည်လျက် ကားပေါ်မှ ကြွကြွရွရွလေး ဆင်းလာသော ဒေါ်ခင် ချမ်းသာဆိုသည့် မိန်းမကိုသာ ခပ်ရဲရဲ စူးစိုက်ကြည့်ပစ်လိုက်ပါသည် ။

"ကြွပါခင်ဗျာ… ကြွပါ၊ ဒီမှာ ဦးအောင်ကေတုလည်း ရောက်နေတာနဲ့ အတော်ပါပဲ၊ ဒေါ်ခင်ချမ်းသာတို့ လို စီးပွားရေးသမားအချင်းချင်း မိတ်ဆက်ပေးပါရစေ"

"မလိုပါဘူးဗျာ… ကျုပ်က လူများ အကြောင်း စိတ်မဝင်စားဘူး"

ခင်ချမ်းသာ ဖြေလိုက်ခြင်း မဟုတ်ပါ။ ခင်ချမ်းသာ ကိုယ်စား အောင်ကေတုမှ ဖြေလိုက်ခြင်းဖြင့် သူလို လူ တစ်ယောက်ကို လုံးဝအရေးမစိုက်သလို အမူအရာလေးဖြင့် မျက်နှာလှလှလေးကို ချီမော့ထားသော ခင် ချမ်းသာမှာ တစ်ဖက်လူစကားကြောင့် ဆတ်ဆတ်ခါသွားသည် ။

"ဘာရှင့်"

"ယောကျ်ားကြီးဖြစ်ပြီး… မိန်းမလို မိန်းမရ နှုတ်သီးကောင်းလျှာပါးရန်စွာနေလိုက်တာ၊ ရှင့်လိုလူကို ဘယ်သူကရော စိတ်ဝင်စားနေလို့ လဲ"

"ဘယ်ပြောနိုင်မလဲဗျာ၊ တချို့ဆို ကျုပ်ကို စိတ်ဝင်စားလွန်းလို့ ကျုပ်သွားရာနောက် တကောက် ကောက် လျှောက်လိုက်ပြီး ကျုပ်ဝယ်မဲ့ မြေကွက်ကိုတောင် ဇွတ်ဝင်လု ဝယ်ကြသေးတာပဲဗျာ"

"ကြည့်စမ်း… ရှင်… ရှင် ဘာလူပါးဝတာလဲ"

"ကျုပ်က လူပါးမဝပါဘူးဗျာ၊ လက်တွေ့ ဖြစ်နေတာလေးတွေကိုပဲ ပြောတာပါ"

"ကဲ… ဦးတိတ်ကြည်ရေ ကျုပ်ကလည်း ကျုပ်ကို တစ်ဖက်သတ် စိတ်ဝင်စားနေတဲ့ လူကို ဒီကိစ္စ လောက်နဲ့ တော့ ပြဿနာ မလုပ်ရက်ပါဘူးဗျာ"

"ကျုပ်ကလည်း အလျှော့ပေးပါတယ်၊ ကျုပ် သွားမယ်၊ မောင်စိန်လာ ဟေ့"

ပြောပြောဆိုဆို ခြေလှမ်းကျဲကြီးများ ဖြင့် သူ့ကားပေါ်တက်ပြီး ခပ်ကြမ်းကြမ်း မောင်းထွက်သွားသော အောင်ကေတုဆိုသည့် လူကြောင့် ခင်ချမ်းသာမှာ ဘာတစ်ခွန်းမှ ပြန်ပြောခွင့် မရလိုက်ဘဲ သူမတစ်ယောက်တည်း ဒေါသလေးများ ဖြင့် ပြာမွှန်ထူပူစွာ ကျန်ရစ်ခဲ့သည် ။

သူ့အလှည့်ကြတော့ သိတတ်နေလိုက်တာ။ ခင်ချမ်းသာရဲ့ စီးပွားရေးလုပ်ကွက်တွေကို ယောကျ်ားကြီး တန်မဲ့ ဝင်ဝင်လုယူတာကိုကျတော့ မပြော။

တော်တော်လည်း လူပါးဝလိုက်သည့် လူပါလား။ မိန်းမတစ်ယောက်နှင့် ပြိုင်ပြီး ရန်ဖြစ်ချင်နေရင် ပုဆိုးဝတ်မထားဘဲ ခင်ချမ်းသာလို လုံချည်ပဲ ဝတ်ထားသင့်သည် ။

"ဦးအောင်ကေတုက သိပ်ဒေါသဖြစ်သွားလို့ ပါဗျာ၊ အားလုံး ကျွန်တော့်အပြစ်ပါ၊ ဒေါ်ခင်ချမ်းသာက လည်း နားလည်ခွင့်လွှတ်ပေးလိုက်ပါ"

"ခွင့်မလွှတ်နိုင်ဘူးရှင့်… ခွင့်မလွှတ်နိုင်ဘူး၊ ငါယောကျ်ားပဲ ဆိုပြီး မိန်းကလေးတစ်ယောက်ကို တင် တင်စီးစီး ပြောသွားတာ ရှင်ကြား

တယ် မဟုတ်လား"

"ဟုတ်တော့လည်း ဟုတ်ပါတယ်ဗျာ၊ ဒါပေမဲ့ ဒေါ်ခင်ချမ်းသာ အနေနဲ့ ကလည်း "

"အို... တော်ပါရှင်၊ ကျွန်မ ရှင်နဲ့ ပြိုင်ပြောမနေချင်ပါဘူး၊ အဲဒီ အောင်ကေတုဆိုတဲ့ လူကိုပဲ သတ်ပစ် ချင်လောက်အောင် မုန်းတီးရွံရှာတယ်"

"ဦးတိတ်ကြည် ပြောသလို တစ်လအထိ မစောင့်နိုင်ဘူး၊ တစ်ပတ်အတွင်း ဒီနေရာက ဖယ်ပါလို့ လာ ပြောတာ၊ ကျွန်မ သွားမယ်"

"ကောင်းပါပြီဗျာ... ကောင်းပါပြီ၊ ဒေါ်ခင်ချမ်းသာ စိတ်တိုင်းကျ ဖြစ်ရပါစေမယ်"

ခင်ချမ်းသာသည် ဦးတိတ်ကြည်ကို လှည့်မကြည့်တော့ဘဲ သူမ ကားလေးကို နေရာမှ ခပ်ကြမ်းကြမ်း လေး မောင်းထွက်ခဲ့လိုက်သည် ။

ကားက အရှိန်ဖြင့် ပြေးနေသလို ခင်ချမ်းသာ ရင်ထဲက ဒေါသစိတ်လေးများကလည်း ပို၍ ပြင်းထန်လာ ရပါသည် ။ အောင်ကေတုဆိုသည့် လူကို ခင်ချမ်းသာ ကြည့်မရအောင် မုန်းနေမိသည် ။

အလကားလူ...။

သူ့အလှည့်ကျတော့ သိတတ်နေလိုက်တာ။

အဟွန့်...။

မရယ်ချင် ရယ်ချင်နှင့် ခင်ချမ်းသာ တစ်ချက်မျှ နှုတ်ခမ်းလေး တွန့်သည် ဆိုရုံလေး ရယ်လိုက်သည် ။ ခင်ချမ်းသာရဲ့ စီးပွားရေးလုပ်ငန်းတွေကို အပိုင်စီးလူလည်ကျသွားတုန်းကတော့ ခင်ချမ်းသာကို ဒီလို

လည်း မပြောခဲ့ပါလား။

အရင်တုန်းကတော့ ခင်ချမ်းသာ ညံ့လို့ ခံလိုက်ရတာဖြစ်ပေမဲ့ အခု တော့ မရတော့။ အောင်ကေတုဆို သည့် လူရဲ့ နည်းလမ်းတွေကို တန်ပြ န် အသုံးချပြီးမှ သူ့နည်းအတိုင်း ခင်ချမ်းသာဘက်က လက်တုံ့ပြန်လိုက် တော့ မခံချိမခံသာ ဆတ်ဆတ်ခါ နာသွားပုံက ရယ်စရာတော့ အကောင်းသားပင်။

ခင်ချမ်းသာပဲလေ။

သူလို လူတစ်ယောက်ကို လွယ်လွယ်လက်မြှောက် အရှုံးပေးမယ်ဆို ရင် ဒီလို စီးပွားရေးလောကထဲမှာ တောင် ရှိနေမှာ မဟုတ်ဘူး ။ ခင်ချမ်း သာကို မိန်းကလေးပဲဆိုပြီး လျှော့တွက်ရင် သိပ်ကိုမှားသွားမည်။

ယောကျ်ားတွေကို ဂရုမစိုက်လို့ သူတို့လို လူတွေနဲ့ ရင်ဘောင်တန်းနို င်လို့ သူတို့လို ယောကျ်ားတွေနဲ့ အပြိုင် စီးပွားရေးလောကမှာ နာမည်တ စ်လုံးနဲ့ ရပ်တည်လာတဲ့ သူပဲ။

ခင်ချမ်းသာကို လာကျောလို့ ကတော့ မောသွားမည်။ အခုပဲကြည့် လေ ယောကျ်ားရင့်မကြီး တစ်ယောက် လုံး ဖြစ်ရဲ့ နဲ့ ခင်ချမ်းသာကို မ နိုင်တော့ မိန်းမလို မိန်းမရ စကားတွေဆိုပြီး ငါယောကျ်ားပဲဆိုပြီး လူကို ဗွတ် အတင်း အနိုင်ယူသွားသည် ။

အဲဒါတွေပဲ ယောကျ်ားဆိုသူတွေကို ခင်ချမ်းသာ အထင်မကြီးတာပါ ။

အလကား ယောကျ်ားတွေ။

ချမ်းသာတို့ မိန်းမတွေလောက်တောင် စိတ်သဘောထား ကြီးမြတ်ချ င်ကြတာ မဟုတ်။ သူ့ကိုများ ခင် ချမ်းသာက စိတ်ဝင်စားနေပါသည် တဲ့

။ မပြုံးဘဲ ဝါးလုံးကွဲ ရယ်ပစ်လိုက်ချင်သည် ။

သွေးရူးသွေးတန်းနဲ့ ပြောချင်ရာ ပြောသွားသည့် စကားတွေအတွက် တစ်နေ့ ခင်ချမ်းသာကလည်း ကောင်းကောင်း ကြီး လက်စားချေ တုံ့ပြန်ရဦးမည်။

အောင်ကေတု...။

ရှင့်အလှည့်ကျရင် ခံနိုင်ရည်ရှိအောင် ကြိုးစားထားစမ်းပါရှင်။

ရှင့်လိုပဲ ခင်ချမ်းသာဆိုတာကလည်း ပါးစပ်နဲ့ ပါ။

"တူ... တူ... တူ"

"ဟဲလို"

"ခင်... ကိုယ်ပါ"

"ဩော်... ဇော် ပြောလေ"

"ဒီမှာ ခင် ပြောထားတဲ့ ကိစ္စတွေအားလုံး အဆင်ပြေသွားပြီ၊ ညကျရင် ဦးဘမင်းရဲ့ ဒင်နာတက်ဖို့ အသင့်ပြင်ထားပါ၊ ဇော် လာခေါ်မယ်"

"သင့်ခ်ယူး ဇော်"

"ဒါဆို ဇော် ဖုန်းချလိုက်တော့မယ်"

"ကောင်းပါပြီ ဇော်ရယ်"

ဖုန်းလိုင်းပြတ်တောက်သွားသည် နှင့် ခင်ချမ်းသာ ဂုဏ်ယူဝံ့ကြွားစွာ ပြုံးလိုက်သည် ။ ဒီတစ်ခါလည်း ခင်ချမ်းသာပဲ အောင်ကေတုဆိုတဲ့ လူကို အနိုင်ရလိုက်ပြန်ပါပေါ့လား။

အောင်ကေတု... အောင်ကေတု။

ဒီတစ်ခါတော့ ရှင် ဘာပြောနိုင်ဦးမှာ လဲဆိုတော့ ဟောဒီက ခင်ချမ်းသာ စောင့်ကြည့်ရဦးမှာ ပေ့ါရှင်။

ညှော့်ခံပွဲအတွက် မှန်တင်ခုံရှေ့မှာ စိတ်ကြိုက်အနုစိတ် ပြင်ဆင်ပြီး ကိုယ်လုံးပေါ်မှန်ကြီးထဲ သူမကိုယ် သူမ ကြည့်လိုက်သည် ။

အနက်ရောင်ဝတ်စုံက ဖြူနုဝင်းဝါသော ခင်ချမ်းသာ၏ အသားအရေကို ရွှေလိုဖိတ်ဖိတ်လက်တောက် နေပြီး ငါးပေသုံးလက်မခန့် အရပ်အမောင်းနှင့် အညီ အချိုးအစားကျနသော ခင်ချမ်းသာ၏ ခန္ဓာကိုယ်ကောက် ကြောင်းအလှကလည်း မြင်ရသူ ရင်ကို စွဲငြိဖွယ် ဖြစ်သည် ။

လှပသော ခင်ချမ်းသာ၏ မျက်နှာလှလှလေးပေါ်ရှိ စင်ရော်တောင်မျက်ခုံး၊ လှပဝိုင်းစက်သော မျက်ဝန်း ပြာကြီးအစုံကို မည်းနက်ကော့ရှန်းသော မျက်တောင်ထူထူကော့ကော့များက ခပ်စိတ်စိတ် ဝန်းရံထား၏။

နှာတံစင်းစင်းလေးအောက်မှာ နှင်းဆီဖူး နှုတ်ခမ်းအစုံက နုအိစိုရဲနေပုံက တွေ့မြင်ရသူ အပေါင်းကို ရင်ခုန်စေမှာ သေချာသည် ။

"တီ"

အိမ်အောက်မှ ကားသံကြောင့် ခင်ချမ်းသာ မှန်ထဲကို တစ်ချက်မျှလှမ်းကြည့်လိုက်ပြီးနောက် လက်ကိုင် အိတ်နှင့် ဖိနပ်လှလှလေးကို စီးကာ နေရာမှ ထွက်ခဲ့လိုက်သည် ။

နူးညံ့ပါးလွှာသော ပိုးသားပဝါအနက်လေးကို ပခုံးမှာ ခပ်လျော့လျော့ လွှမ်းခြုံလိုက်သောအခါ အညို ရောင် ခပ်ဖျော့ဖျော့ ဆံပင်လေးများကို ကပိုကရို ထုံးဖွဲ့ထားသော ခင်ချမ်းသာ၏ ဆံယဉ်နုတို့ ပြေကြသော အလှ မှာ ပြီးပြည့်စုံသွားသည် ။

"လှလိုက်တာ ခင်ရယ်... ဒီပွဲမှာ လည်း ခင့်အလှကို မီနိုင်တဲ့ သူ ရှိမှ

မဟုတ်ဘူး ဆိုတာ သေချာတယ်"

"ကျေးဇူးတင်ပါတယ် ဇော်၊ ဇော့်ဆီက ဒီလိုချီးကျူးတဲ့ စကားသံကြားဖို့ ခင်ဘက်က အချိန်တွေ အများ ကြီး ကုန်ခဲ့ရတဲ့ သူပါ"

"ခင်ကတော့လေ ပြောတော့မယ်"

"အဟွန်း... ဟွန်း... ဟွန်း"

"ဒီနေ့ ဇော်လည်း ဒီဝတ်စုံနဲ့ သိပ်ပြီးကြည့်ကောင်းနေပါတယ်လေ၊ ကဲ သွားကြစို့"

"အိုကေ"

ဇော် ကားပေါ်မှာ ခင်ချမ်းသာတစ်ယောက် လှလှပပ ကြွကြွရွရွလေး ပါလာသည် ။ ခင်ချမ်းသာ အလှ တွေက ထိလိုက်ရင် ကြွေသွားတော့မလားလို့ ထင်ရအောင် နူးညံ့သိမ်မွေ့မှုတွေက ပန်းကလေးတစ်ပွင့်နှင့် ပမာ တူလှသည့် အဖြစ်လေ။

ရောင်စုံမီးရောင်တွေနှင့် အတူ စိန်ရောင်ရွှေရောင် တဖျပ်ဖျပ် လက်နေသည့် လူရောင်စုံ စီးကြောင်းထဲမှာ တစ်ဦးကိုတစ်ဦး ရယ်မောနှုတ်ဆက်သံ၊ စကားပြောသံတွေ အားလုံး ငြိမ့်ညောင်းသာယာသော တေးဂီတသံနှင့် အတူ ရောလွင့်လိုက်ပါနေပါသည် ။

ထိုလူစီးကြောင်းထဲမှာ ခင်ချမ်းသာဆိုသည့် အလှနတ်သမီး တစ်ပါးလည်း အပါအဝင် ဖြစ်သည် ။

"ခင်"

"ဟင်"

"ဟို မှာ အသိတစ်ယောက်တွေ့လို့ သွားနှုတ်ဆက်လိုက်ဦးမယ်၊ ဒီမှ

ခင်တစ်ယောက်တည်း ဖြစ်တယ် နော်"

"ခင်ချမ်းသာပါနော်"

"အပွန်း"

ဇော်က ခင်ချမ်းသာစကားကို သဘောကျစွာ ဟက်ခနဲ ခေါင်းကိုလှန်မော့ပြီး ရယ်သည် ။

"မကြာပါဘူး... ခဏပဲ"

"သွားမှာ သာ သွားစမ်းပါ ဇော်ရယ်"

ပြုံးလျက် ခင်ချမ်းသာက ဇော် ထွက်သွားတာကို မျက်စိတစ်ဆုံး လိုက်ငေးရင်း လှပသော ခင်ချမ်းသာ မျက်နှာလေးလည်း ပြန်ကြည့်နေပါသည် ။

ဒါကိုပဲ ကြည့်မရအောင် အခံရခက်နေမိသူက အောင်ကေတု။ ဘယ်လို မိန်းမလည်း လောကကြီးမှာ ယောကျ်ားစစ်စစ်တွေ စိတ်ကြိုက် ခေါင်းခေါက်ရွေးလို့ ရနေသူတစ်ယောက်ဖြစ်ပါလျက် ဘယ်ယောကျ်ား ကိုမှ စိတ်မဝင်စားဘဲ သူမလို သိပ်လှသည့် မိန်းမတစ်ယောက်က ယောကျ်ားစိတ်ပေါက်ပြီး မိန်းမစင်စစ်ကနေ ဖား တစ်ပိုင်း ငါးတစ်ပိုင်း ဖြစ်နေသူနဲ့ မှ တွဲပဲ တွဲတတ်လွန်းသည့် အဖြစ်မို့ အောင်ကေတု စိတ်ထဲမှာ ဘာကိုမှန်းမသိ မကျေနပ်ပြီးရင်း မကျေနပ် ဖြစ်နေမိသည် ။

ဒီမိန်းမလုပ်နေပုံတွေအားလုံး အောင်ကေတုအတွက် မျက်လုံးထဲမှာ ရော၊ နားထဲမှာ ရော ကန့်လန့်ကြီး တွေ ဖြစ်နေသည် ။

အခုပဲ... ကြည့်လေ။

ခင်ချမ်းသာဆိုသည့် မိန်းမက သူနှင့် အပြိုင် မြေနှင့် အိမ်အဆောက်

အဋ္ဌိကို လုဝယ်ရုံနှင့် မပြီးသေး။ သူဌေးဦးဘမင်းနှင့် နှစ်ဦးအကျိုးတူ ပူးပေါင်းဆောင်ရွက်မည့် အောင်ကေတု၏ တခြားစီးပွားရေးကိစ္စမှာ လည်း ဝင်လုပြီး နေရာယူကာ ရှုပ်ဖြစ်အောင် ရှုပ်လိုက်သေးသည် ။

အောင်ကေတု သိလိုက်ရချိန်မှာ အားလုံး နှောက်ကျခဲ့ပြီ။ ဘာမှ မတတ်နိုင်တော့။ ခင်ချမ်းသာက အောင် နိုင်သူပီပီ ဒီပွဲကို လှလှပပ ကြွကြွရွရွလေး တက်လာသည် ။

ဒီပုံနဲ့ ဆို အောင်ကေတုနှင့် ခင်ချမ်းသာတို့ မှာ လွယ်တော့မည် မထင်။

"ဘယ်လိုလဲ... ဦးအောင်ကေတု၊ ဒေါ်ခင်ချမ်းသာကို ဒီတစ်ခါလည်း ခင်ဗျားပဲ အရှုံးပေးလိုက်ရ ပြန်ပြီ ဆို ဟုတ်လား"

"သြော်... ဦးအောင်ပွင့်၊ သတင်းတွေကလည်း မြန်လှချည်းလားဗျာ"

"မြန်ဆို အင်တာနက်ခေတ်လေဗျာ၊ ဒီလိုပဲ ကြားရတာပေ့ါ"

"အနိုင်မယူချင်လို့ တမင်အရှုံးပေးထားတာပါဗျာ၊ သမင်ဆယ်လှမ်း ကျားတစ်လှမ်းဆိုတာ ခင်ဗျား လည်း အသိပဲ"

သူနှင့် စီးပွားဖက်ဖြစ်သော ဦးအောင်ပွင့်ကို ဘာမှ မဖြစ်သလို မျက်နှာထားနှင့် ပေ့ါပါးစွာ ရယ်မောပြော ဆိုလိုက်တာကို ကြည့်ပြီး တစ်ဖက်ကလည်း ပြုံးနေပါသည် ။

"အင်း... ခင်ဗျားတို့ နှစ်ယောက် ပုံစံကို ကြည့်ရတာ နေနဲ့ လလို တကယ်လိုက်ဖက်တယ်ဗျာ၊ အရှုံးပေး လက်စနဲ့ မထူးတော့ပါဘူး၊ ရာသက်ပန် အရှုံးပေးလိုက်ရင် ပိုမကောင်းပေဘူးလား ဦးအောင်ကေတု"

"အဟွန်း... ဟွန်း... ဟွန်း"

"အခုလို အကြံပေးတာ ကျေးဇူးတင်ပါတယ်ဗျာ၊ နောင်ရေး အဆင်ပြေအောင် အခုတည်းက စဉ်းစား သင့်ရင် စဉ်းစားရမှာ ပေါ့"

"လုပ်ဗျာ… ကျုပ်တို့ ကတော့ သဘောတူတယ်၊ ခင်ဗျား သမင်မ လေးက သိပ်လှတာဗျာ၊ ဘာမဟုတ်တဲ့ ယောက်ျားလျာနဲ့ တွဲနေတာကြ ည့်ပြီး ရင်နာလွန်းလို့ ပါဗျာ"

"အတုဟာ အတုပဲလို့ ပြောလိုက်စမ်းပါဗျာ"

"ဟိုမှာ ကျုပ်ကိုခေါ်နေပြီ သွားလိုက်ဦးမယ်ဗျို့"

"ကောင်းပါပြီဗျာ"

အောင်ကေတု နားက ဦးအောင်ပွင့် ထွက်သွားသည် နှင့် စောစောက ပြုံးနေသော အောင်ကေတု မျက်နှာ ချောချောမှာ ချက်ချင်း မှုန်တည် သွားကာ ခင်ချမ်းသာနှင့် ပြုံးရယ်စကားဆိုနေသည့် ဖားတစ်ပိုင်း ငါး တစ်ပိုင်း ရှိရာကို ရောက်သွားသည် ။

"ခင်… ဟိုဘက်စားပွဲမှာ အောင်ကေတုပါလား၊ လှည့်မကြည့်နဲ့ နော် ၊ သူက ဇော်တို့ ကို လှမ်းကြည့်နေ တယ်"

"ကြည့်ကြည့်ပေ့ါ အရေးစိုက်မနေစမ်းပါနဲ့ ဇော်ရယ်၊ ဟော… ဟိုမှာ ဦးဘမင်း ဒီကိုလာနေတယ် ဇော်ရေ၊ နှုတ်ဆက်လိုက်ပါဦး"

"ဟဲလို… ဒေါ်ခင်ချမ်းသာ အားလုံးအဆင်ပြေရဲ့ နော်"

"ဒီလိုပဲ ကြိုးစားရတာပေ့ါရှင်"

ပြုံးလျက် ခင်ချမ်းသာ မယုတ်မလွန်လေး ဆိုလိုက်သည် ။

"အကူအညီလိုရင် ပြောပါဗျာ၊ ဒေါ်ခင်ချမ်းသာအတွက်ဆို ကျုပ် ဘက်က အချိန်မရွေးပါ"

"ကျေးဇူးတင်ပါတယ်ရှင့်"

ဦးဘမင်းထံမှ ဘာလိုလို စကားကြီးကို ဂရုမစိုက်ဘဲ မသိသလိုလေး ဟန်ဆောင်နေလိုက်ရပေမဲ့ ခင် ချမ်းသာ ရင်ထဲမှာ နည်းနည်းတော့ အခံ ရခက်နေမိသည် ။

ယောက်ျားတွေ ဘဝမှာ အရေးအကြီးဆုံးကိစ္စက ဒါပဲ ရှိသည် ထင်။ မိန်းမချောချောတွေ့ရင် သူတို့ ဇာတိ ရုပ်တွေက အခုလိုပဲ ပေါ်ပေါ်လာ တတ်ကြသည် ။

ဘယ်လောက်ပဲ မိန်းမတွေကို ဂရုမစိုက်ပါဘူး၊ အထင်မကြီးပါဘူး လို့ ဆိုဆို နောက်ဆုံးမှာ ထိုယောက်ျား ဆိုသည့် သတ္တဝါတွေအားလုံး မိန်းမတွေရဲ့ ခြေရင်းမှာ ဝပ်ဆင်းကြရသည် ချည်းပင်။

သူတို့ အကြိုက် မတွေ့သေးသည့် အချိန်မှာ အရိုးများ သလေး၊ ဂျီး များ သလေး လုပ်နေကြသည် ။ အကြိုက်လည်း တွေ့ရော အရိုးလည်း မသိ ဘာဆိုဘာမှ မသိတော့။

ထိုလူမျိုးတွေထဲ အောင်ကေတုဆိုသည့် လူလည်း အပါအဝင်ဟု ဆို ရမည်။ ခင်ချမ်းသာလို မိန်းကလေး တစ်ယောက်က သူလိုလူကို အနား မှာ ရှိသည် လို့ တောင် ထင်တာမဟုတ်တော့ သူ့ဘာသာ အခံရခက်ပြီး လူတွေ ရှေ့မှာ သူ့ကိုယ်သူ အရှက်မရှိ သွေးရူးသွေးတန်းတွေ လျှောက် ပြောနေတာ သူမကိုယ်တိုင် အမြင်အကြားပဲ မဟုတ်လား။

ဦးဘမင်းက ခင်ချမ်းသာကို စကားအနည်းအကျဉ်းဆိုပြီး သူမ နား က နှုတ်ဆက်ပြီး ထွက်သွားသည့် အခိုက်မှာ ဇော် ဖုန်းက အသံမြည် လာသည် ။

"ဟဲလို"

"ဗျာ... ဟုတ်ကဲ့... ဟုတ်ကဲ့ ဇော် အခုပဲ ပြန်ခဲ့ပါ့မယ်၊ ဒါပဲနော်"

"ဘာဖြစ်လို့ လဲ ဇော်"

"အိမ်မှာ မာမီ မူးလဲလို့ ခင်၊ ဇော် အခုပဲ ပြန်မှ ဖြစ်မယ်"

"ပြန်လေ... ခင်လည်း ဦးဘမင်းကို နှုတ်ဆက်လိုက်မယ်"

"ကားနားကို လာခဲ့ ခင်၊ ဇော် သွားနှင့် ပြီ"

ခင်ချမ်းသာ အနားက ဇော်တစ်ယောက် ခြေလှမ်းကျဲကြီးတွေနဲ့ ခပ်သွက်သွက် လျှောက်သွားချိန်မှာ ခင်ချမ်းသာလည်း ဦးဘမင်းကို ရှာဖွေကြည့်မိသည် ။ စည်ကားရှုပ်ထွေးနေသော ဧည့်ပရိသတ်အလယ်မှာ ခင် ချမ်းသာ ရှာနေသူကို မတွေ့ဘဲ သူမ မရှာသူကို တွေ့နေ၏။

ထိုသူက တခြားသူ မဟုတ်။ အောင်ကေတုဆိုသည့် လူ။

သူနှင့် မျက်လုံးချင်းအဆုံမှာ ခင်ချမ်းသာ အရေးမစိုက်သလို ခပ်တည်တည်လေး အကြည့်ကို လွှဲပစ် လိုက်သည် ။

ဦးဘမင်းကိုလည်း ရှာမတွေ့တော့ အနားက ရှိသည့် လူကိုပဲ နှုတ်ဆက်ပြီး ထွက်လာခဲ့လိုက်သည် ။

အောင်ကေတုဆိုသည့် လူနားအရောက်မှာ ခင်ချမ်းသာ တစ်ယောက်တည်း သီးသန့်ကိုင်သည့် အဖြူ ရောင် လက်ကိုင်ပဝါလေး ပြုတ်ကျကျန်ရစ်ခဲ့တာကို သူမ မသိလိုက်ပေမဲ့ အောင်ကေတုက အသာ ကောက်ယူ ထားလိုက်၏။

"ခင်ချမ်းသာ"

ကိုယ့်အာရုံနှင့် ကိုယ် လျှောက်နေသော ခင်ချမ်းသာမှာ သူမအမည်ကို တစ်စုံတစ်ယောက်က လှမ်းခေါ် လာသံကြောင့် လှမ်းလက်စ

ခြေလှမ်းကို တုံ့ရပ်ပြီး နောက်ကို လှည့်ကြည့်လိုက်သည် ။

"ဟင်"

အောင်ကေတုဆိုတဲ့ လူပါလား။

ခင်ချမ်းသာ နောက်နားတွင် မားမတ်ခန့်ညားသော အသွင်ဖြင့် မရယ်မပြုံး ခပ်တည်တည် ရပ်နေသူကို ကြည့်ပြီး မျက်နှာလှလှလေး တည်တင်းသွားသည် ။

"ကျွန်မကို ခေါ်တာ ရှင်လား"

"ဟုတ်တယ်"

"ဘာကိစ္စလဲ"

"ဒီမှာ "

"ဘာလဲ"

"ခင်ဗျား လက်ကိုင်ပဝါလေ၊ ကျုပ်ရှေ့မှာ တမင်ချထားခဲ့တာ ကျုပ်နဲ့ ပတ်သက်ချင်လို့ မဟုတ်လား"

"ဘာရှင့်... ရှင်... ရှင် ဘာလူပါးဝတာလဲ"

အောင်ကေတု စကားကြောင့် အခံရခေါ်သထွက်ပြီး ဆွေ့ဆွေ့ခုန်သွားသည့် ခင်ချမ်းသာ မျက်နှာလှလှ လေးကို ဝံ့ဝံ့စားစား စူးစိုက်ကြည့်ရင်း အောင်ကေတု ရင်ထဲမှာ အကျေနပ်ကြီး ကျေနပ်နေသည် ။

မိန်းမတစ်ယောက်ဖြစ်ပြီး ဒီလောက်တောင် နေရာတကာ ကဲကဲ ဆတ်ပါချင်နေတဲ့ မိန်းမ။ သူ့စကား ကြောင့် ဆတ်ဆတ်ခါ သွားရတာကို သဘောကျနေမိသည် ။

"ဒီမှာ ရှင့်ကိုယ်ရှင် သိပ်အထင်ကြီးမနေစမ်းပါနဲ့ ၊ ရှင်လိုလူကို ကျွန်

မဘဝမှာ ဘယ်တုန်းကမှ ရှိတယ်လို့ ထင်ခဲ့တာ မဟုတ်ဘူး ရှင့် သိလား၊ ဘယ်နေရာက ကောက်လာမှန်း မသိတဲ့ လက်ကိုင်ပဝါလေး အကြောင်းပြပြီး ကျွန်မနဲ့ ဇွတ်အတင်းလာရောဖို့ ကြိုးစားတာ ရှင့်မှာ ရှိတဲ့ အကြံညဏ် အကုန်ပဲလား"

"မင်း... မင်း ကျုပ်ကို ဘာစကားပြောတာလဲကွ ဟင်"

"လူစကားပြောတာလေ၊ လူလိုပြောတာတောင် နားမလည်ဘူးဆိုတော့ အဟင်း... ဟင်း... ဟင်း"

"ကျွန်မကို ခွင့်ပြုပါဦးရှင်"

အောင်ကေတုက လူစကား နားမလည်သူရယ်လို့ ပြောချင်ရာပြောပြီး သူ့ရှေ့က ထွက်သွားသော မချော ကို ကြည့်ကာ ဒီတစ်ခါ ဆတ်ဆတ်ခါ နာရသူက အောင်ကေတု ကိုယ်တိုင်ပါ။

"ဟိတ်... နေဦး"

အောင်ကေတု လှမ်းတားလိုက်သော်လည်း ခင်ချမ်းသာက ဂရုမစိုက် ။ နောက်ကိုတစ်ချက် လှည့်မကြည့် ဘဲ သူမဘာသာ သွားမြဲသွားနေရာ အောင်ကေတု ရင်မှာ သည်းခံနိုင်စွမ်းတို့ လည်း သူ့အလိုလို ကုန်ဆုံးသွားခဲ့ရ ပါပြီ။

"ခင်ချမ်းသာ"

"အို... အမလေး"

"ရှင်... ရှင် ဘယ်လိုလုပ်လိုက်တာလဲ ရှင့်"

သူမ ရှေ့ကို ဖြုန်းခနဲ ရောက် လာပြီး သူမရှေ့မှာ ပိတ်စီးရပ်လိုက်သော အောင်ကေတုဆိုသည့် လူကြောင့် ခင်ချမ်းသာမှာ သူ့ရင်ခွင်ထဲ ဝင်

တိုးလုမတတ် အခြေအနေမှ မနည်းဘရိတ်အုပ်ပြီး သူမရှေ့တွင် ရှိနေသော အောင်ကေတုဆိုသည့် လူကို ရန်တွေ့စကားလေး ဆိုလိုက်ခြင်း ဖြစ်သည် ။

"ကျုပ် ဘယ်လိုလုပ်တာလဲဆိုတာထက် မင်း ကျုပ်ကို ဘယ်လိုမိုက်ရိုင်းစော်ကားသွားတယ်ဆိုတာ မင်း သိလား"

"မင်း အခုချက်ချင်း ကျုပ်ကို ပြန်တောင်းပန်ပါ"

"ဘာကိစ္စ ကျွန်မက ရှင့်လိုလူကို တောင်းပန်ရမှာ လဲ၊ မကျေနပ်ရင် လဲသေလိုက်ပေ့ါရှင်"

"လဲသေရမယ် ဟုတ်လား"

"ဟုတ်တယ်... ဟုတ်တယ်၊ ကိုယ့်အလှည့်ကျမှ သိပ်ပြီး နာပြမနေနဲ့ ၊ ယောကျ်ားကြီးဖြစ်ပြီး အားနွဲ့တဲ့ မိန်းမသားတစ်ယောက်အပေါ်မှာ လူပါးဝပြီး အနိုင်ကျင့်စော်ကားတဲ့ စကားတွေ ပြောနေတုန်းကတော့ ရှင် သိပ် ပျော်နေခဲ့တာ မဟုတ်လား"

"အဲဒီတော့ မင်းက ကျုပ်ကို ဘာလုပ်ချင်လဲ"

"ဒါလုပ်ချင်တယ်ရှင့်"

"ကဲ"

"ဖြန်း"

ခင်ချမ်းသာသည် သူမစိတ်တို့ မထိန်းချုပ်နိုင်တော့ဘဲ အောင်ကေတုဆိုသည့် လူထံမှ ထီမထင်မျက်နှာ ပေးနှင့် စကားပြောဟန်တို့ အပေါ်မှာ ဘယ်လိုမှ ဒေါသကို ဆက်ထိန်းမထားနိုင်တော့သည့် အဆုံး ကိုယ့်ကိုယ်ကိုယ် သတိမထားမိခင်မှာ ပင် သူ့ပါးကို လှမ်းရိုက်ပြီး ဖြစ်နေ၏။

အသားချင်း ထိခတ်သံအဆုံးမှာ အောင်ကေတုထံမှ သည်းခံခြင်းလည်း ကုန်ဆုံးသွားရာ လုံးဝမျှော်လင့် မထားသောအဖြစ်ကြောင့် ကြောင်ငေးသွားသော ခင်ချမ်းသာ၏ မျက်နှာလေးကို စူးစိုက်ကြည့်ပစ်လိုက်သည် ။

"မင်းက ငါ့ပါးကို လူတွေကြားထဲမှာ ရက်ရက်စက်စက် ရိုက်တယ်ပေါ့ ဟုတ်လား"

"လာခဲ့စမ်း"

"အို... လွှတ်"

"ရှင် ကျွန်မကို ဘာလုပ်မလို့ လဲ"

အောင်ကေတုထံမှ ဘာသံမှ ထွက်မလာဘဲ ခင်ချမ်းသာ လက်ကိုဆွဲပြီး သူ့ရင်ခွင်ထဲကို သူမ ကိုယ်လေး အား ဖြုန်းခနဲ ဆွဲယူလိုက်ရာ ခင်ချမ်းသာမှာ မျက်နှာလှလှလေး ဖြူဖွေးသွားသည့် အထိ ကြောက်ရွံ့ထိတ်လန့် သွားရရှာပါသည် ။

သူမတို့ ရောက်နေသည့် နေရာမှာ ချောင်ကျ၍ လူရှင်းသောနေရာမို့ သူမတို့ နှစ်ယောက်အဖြစ်ကို မည်သူ မျှ သတိမထားမိကြပါ။

"အခုမှ မင်း သိပ်ကြောက်နေလားဟင်၊ ကျုပ် အသားကို နာကျင်အောင်လုပ်တဲ့ မင်းကိုလည်း ကျုပ်လို ပဲ အသည်းဆတ်ဆတ်ခါ နာအောင် ပညာပေးရမှာ ပေါ့ဗျာ"

"ရှင်နော်"

"အို... အို"

ခင်ချမ်းသာကို သူက မည်သည့် စကားမှ ဆိုရန်ခွင့်မပြုတော့ဘဲ

အငြိုးကြီးလှသော ရန်သူတစ်ယောက် ပမာ လှပသော မျက်နှာလေးအနှံ့ အချစ်မုန်တိုင်းကို ကြမ်းရမ်းစွာ နာကျင်အောင် မွှေ့ယမ်းပစ်လိုက်ပါသည် ။

ရုတ်တရက် ခင်ချမ်းသာ မျက်လုံးထဲမှာ ပြာမွှန်သွားကာ ဘာကိုမှ မမြင်တော့ဘဲ သူ့ကိုယ်ကြီးကို ယောင်ယမ်း ဖက်တွယ်ထားမိရာမှ သတိဝင်လာကာ လက်လှမ်းမှီသမျှ လက်သီးဆုပ်လေးများ ဖြင့် ဘီလူးသရဲ စီးနေသူအား ထုရိုက်ကုတ်ပစ်လိုက်ပါသည် ။

"လူယုတ်မာ"

"ခွေး... ခွေး"

"စကားကို ဆင်ခြင်ပြောပါ အမိ"

"မပြောဘူးရှင့်... မပြောဘူး ရှင်လိုလူကို ရွံ့လွန်းမုန်းလွန်းလို့ သတ်ပစ်ချင်တယ် သိလား"

"သတ္တိရှိရင် အခုသတ်လေ"

အောင်ကေတုက ခင်ချမ်းသာရှေ့မှာ ရင်ကိုဖွင့်ပေးလာသဖြင့် ခင်ချမ်းသာမှာ နာကျင်ရှက်လန့်ခြင်းတွေ နှင့် သူ့မျက်နှာကို မော့ကြည့်လိုက်၏။

ခင်ချမ်းသာ၏ နုနယ်လှပသော အပြစ်ကင်းစင်သည့် မျက်နှာလေး ရှက်အမ်းနာကျင်ခံခက်နေဟန်လေး ကို စူးစိုက်ငုံ့မိုးကြည့်နေသော ရွှန်းလဲ့စူးရှသည့် မျက်ဝန်းများ နှင့် အဆုံမှာ ဘာတစ်ခုမှ စဉ်းစားမနေတော့ဘဲ သူ့ရင်ဘတ်ကြီးကို ခင်ချမ်းသာ၏ လက်ကလေးနှစ်ဖက်ဖြင့် တအားဆောင့်တွန်းကာ နေရာမှ ကမူးရှူးထိုးလေး ပြေးထွက်ခဲ့လိုက်သည် ။

"ခင်ချမ်းသာ"

အောင်ကေတု နှုတ်ဖျားမှ သူမအမည်ကို ဘာကြောင့် လှမ်းခေါ်လိုက်မိမှန်း သူ့ကိုယ်သူ မသိလိုက်ပါ။

လှပသော ခင်ချမ်းသာ၏ ပုံရိပ်လေးကတော့ အောင်ကေတု မျက်စိရှေ့မှာ ပင် ပျောက်ကွယ်သွားခဲ့ပါ ပြီ။

ဘာကြောင့် ဟု မသိ။

စိတ်လိုက်မာန်ပါ ခင်ချမ်းသာကို စိတ်ရှိတိုင်း လက်လွတ်စပယ်တုံ့ပြန်ခဲ့မိပြီးမှ သူ့ရင်ထဲ တစ်မျိုးကြီး ဖြစ်ကာ ဦးခေါင်းငိုက်စိုက် ကျသွားသည် ။

အားနွဲ့သည့် မိန်းမသားတစ်ယောက်အပေါ်မှာ သူ့အပြုအမူတွေ သိပ်ကို လွန်ကဲသွားပြီဟု သိလိုက် သော်လည်း ထိုအမှားကို ပြန်လည်ပြင်ဆင်ခွင့် သူ့တွင် မရှိတော့ပါ။

ခင်ချမ်းသာရယ်။

မင်း သိပ်မိုက်လွန်းတယ် သိလား။

အောင်ကေတု ရင်ထဲက တီးတိုးဆိုမြည်လိုက်သံကို သူမ ကြားမည်မဟုတ်ပါ။

အိထွေးမွှေးမြသော အတွေ့နှင့် နွေးထွေးချိုမြိန်မှု အပေါင်းကို ပြန်ပြောင်းသတိရမိသောအခါ အောင် ကေတု တစ်ကိုယ်လုံး ကြက်သီးဖြန်းခနဲ ထသွားသည် ။

***

# အခန်း (၂)

ခင်ချမ်းသာသည် ငိုရလွန်းသဖြင့် လှပသော မျက်ဝန်းအစုံမှာ နာကျ င်နေသလို နှလုံးသားထဲမှာ လည်း အခံရခက်လျက် စိတ်နှလုံးမကြည် သာဘဲ ပင်ပန်းဆင်းရဲလှသော စိတ်ဒုက္ခဒဏ်ကို ကြီးကျယ်စွာ ခံစား လျက်ရှိ သည် ။

ဤသို့ဖြစ်လာလိမ့်မည်ဟု ခင်ချမ်းသာ ကိုယ်တိုင် မျှော်လင့်မထားခဲ့ ချေ။ အခုတော့ သူမ ဘဝမှာ တစ်ခါ မှ မဖြစ်ဘူးသော အဖြစ်ထူးနှင့် ကြုံ ဆုံခဲ့ပုံက ဘယ်လိုပဲ ဖြေသာအောင် တွေးပါသော်လည်း ဖြေ၍ မပြေနိုင် အောင် ဖြစ်လေသည် ။

မင်းကိုလည်း ကျုပ်လိုပဲ အသည်းဆတ်ဆတ်ခါ နာအောင် ပညာပေး ရဦးမှာ ပေါ့ဗျာ... တဲ့ ။

နားထဲမှာ အောင်ကေတု စကားသံတွေကို ပြန်ကြားယောင်လာသဖြ င့် နားနှစ်ဖက်ကို လက်ကလေးနှစ် ဖက်ဖြင့် ပိတ်ပစ်လိုက်သည် ။

သူပြောသလိုပင် ခင်ချမ်းသာ အသည်းတွေ ဆတ်ဆတ်ခါ နာကျင်ခဲ့ ရသည့် အကြောင်းကို ဖော်အား အသိမပေးရဲ။

လူယုတ်မာ။ ဒင်းကို သတ်ပစ်ချင်တယ် သိလား။

မုန်းတယ်။

မုန်းတယ်... ဒီကမ္ဘာပေါ်မှာ ခင်ချမ်းသာ အမုန်းဆုံးယောကျ်ားက အဲဒီ အောင်ကေတု ဆိုတဲ့ လူပဲ။

ခင်ချမ်းသာ နာနာကြည်းကြည်းလေး ဆိုလိုက်ရင်း လှပသော သူမ မျက်နှာလေးကို မှန်ထဲသို့ စေ့စေ့ ငုငု ကြည့်လိုက်မိသည် ။ ယင်ဖိုတောင် မသန်းဘူးတဲ့ ခင်ချမ်းသာကို သူမ ကြည့်မရအောင် မုန်းလှသော ယောကျ်ားတစ်ယောက်က ချစ်အနမ်းတွေ ထင်တိုင်းပေးခြင်း ခံလိုက်ရသည့် အဖြစ်ကို ခါးသီးစိတ်ဖြင့် ဘယ်သူ ထံမှာ ရင်ဖွင့်ရမှန်းမသိ။

ခင်ချမ်းသာမှာ မိဘတွေ မရှိကြတော့။ ညီအစ်ကို မောင်နှမလည်း မရှိ။ တစ်ဦးတည်းသော သမီးလေး ခင်ချမ်းသာကို ကြီးကြီး အပျိုကြီးတစ်ယောက်က အဖော်ပြုနေပေးသည် ။

ဒါတောင် ခင်ချမ်းသာကို သိပ်ချစ်ပြီး သနား၍ သည်းခံနေခြင်းဟု ဆိုရမည်။ ကျန်သည့် အမျိုးအဆွေ တွေ အားလုံး နိုင်ငံခြားမှာ ဆိုတော့ သူတို့ ရှိရာကို လာနေဖို့ မကြာခဏ စာရေးကြ ဖုန်းဆက်ကြနှင့် ပြောကြဆို ကြ ရှိပေမဲ့ မြန်မာနိုင်ငံမှ လွဲပြီး တခြား ဘယ်နိုင်ငံမှာ မှ မနေနိုင်သော ခင်ချမ်းသာက မိဘနှစ်ပါးရှိရာ မြေမှာ ပဲ နေဖို့ စိတ်ကူးထားသည့် အတိုင်း ဘာကိုမှ အကြောင်းမပြန်။

ပြန်စရာလည်း မရှိ။

ဒီမှာ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းက အသင့်ရှိသည် ။ ပြီးတော့ ဇော်ရှိသည် ။ ဇော်ဆိုတာ တခြားမဟုတ်။ ခင်ချမ်းသာရဲ့ အချစ်ဆုံး သူငယ်ချင်းမလေးဖြစ်ပြီး ယောကျ်ားတစ်ယောက်လို ပြုမူပြောဆို နေထိုင်နေပေမဲ့ ဇော်က ယောကျ်ားလျာ မဟုတ်ပါ။ မိန်းကလေး စစ်စစ် ဖြစ်ပါသည် ။ ခင်ချမ်းသာ၏ စီးပွားရေးလုပ်ငန်းတွေကို ဇော်က ကူညီပေးနေသူ။ ခင်ချမ်းသာကို တချို့က ယောကျ်ားလေးအစစ် မဟုတ်သူနှင့် တွဲနေကြ

သည် ဟု အမြင် တစ်မျိုးနှင့် ပြောကြဆိုကြတာတွေ ရှိပေမဲ့ အဖြစ်မှန်က ထိုသို့မဟုတ်။

ဇော်မှာ ချစ်သူရှိသည် ။ ထိုချစ်သူက ဇော်အပေါ် ဖောက်ပြန်ပြီး အချစ်သစ်ရှာသဖြင့် ဇော်က တိတ်တ ဆိတ် ခြေရာဖျောက်ပြစ်လိုက်သည် ။

ချစ်သူကို လုံးဝအတွေ့မခံတော့သလို ရှင်းပြတာတွေကိုလည်း ဘာတစ်ခုမှ လက်မခံခဲ့။ ယောကျ်ားတွေ ကို စိတ်နာသွားသည် ။ ဇော်က ခင်ချမ်းသာလိုပဲ ဘယ်ယောကျ်ားကိုမှ အထင်မကြီး။

ယောကျ်ားတွေနှင့် အပြိုင် ရင်ဘောင်တန်းပြီး စီးပွားရေးလုပ်နေသော ခင်ချမ်းသာကို အပြတ်အားပေး သည် ။ သူကိုယ်တိုင်လည်း ခင်ချမ်းသာ ကုမ္ပဏီထဲမှာ ရှယ်ယာဝင်ထားသူ။

အောင်ကေတုနှင့် ခင်ချမ်းသာတို့ နှစ်ယောက် မမျှော်လင့်ဘဲ လေလံပွဲတစ်ခုမှ စတင်အကြောင်းပြု၍ အခုလို စီးပွားရေး လောကထဲမှာ ပြိုင်ဘက်တွေ ဖြစ်လာကြသူတွေ ဆိုလျှင်လည်း မမှားပါ။

အဲဒီတုန်းက အောင်ကေတု အနိုင်ရသွားသည် ။ ခင်ချမ်းသာ ရှုံးကျန်ရစ်တာကို မမေ့။ နောက်ပိုင်းတွေ မှာ တော့ ဘတစ်ပြန် ကျားတစ်ပြန် ဖြစ်လာသလို စီးပွားရေး လောကမှာ လည်း နှစ်ယောက်စလုံး လူသိများ စိတ် ဝင်စားလာခဲ့ကြသည် ။

ပြီးတော့ နှစ်ယောက်စလုံး အပျိုနဲ့ လူပျိုမို့ သူတို့ ကို ပိုစိတ်ဝင်စားစရာ ဖြစ်ခဲ့သည် ။ အခုတော့ မတည့်ရုံ တင် မဟုတ်တော့။ လူချင်းမျက်နှာချင်းဆိုင် ဆုံတွေ့ကာ ကိုယ်ထိလက်ရောက် ပြဿနာရှာမိကြသည့် အထိ အခြေအနေတွေ ဆိုးရွားသွားခဲ့ပါပြီ။

တွေးရင်း ခင်ချမ်းသာ အောင်ကေတုကို ဘယ်လိုမှ ခွင့်လွှတ်လို့ မရ

အောင် ဖြစ်လာသည် ။ ဒီနေ့လည်း ညှော်ခံပွဲတစ်ခု တက်စရာ ရှိသည် ။ ထိုပွဲကို အောင်ကေတုဆိုသည့် အရှက်မရှိသော လူလည်း လာမှာ သေချာ သည် ။

ခင်ချမ်းသာသည် သာလျှင် ဟိုတစ်နေ့ညက အဖြစ်တွေကို ပြန်စဉ်း စားရင် ဘယ်လိုမျက်နှာနှင့် ပွဲတက်ရ မှန်းမသိ ဖြစ်နေ၏။ မသွားလျှင် ကိုယ်ကပဲ သူ့ကိုကြောက်လို့ အရှုံးပေးသလို ဖြစ်တော့မည်။

သွားရမည်ဆိုပြန်လျှင်လည်း အောင်ကေတု မျက်နှာကို မြင်တာနှင့် ဒေါသဖြစ်စွာ တစ်ခုခု လက်တုံ့ပြန် မိတော့မည်။ သူမ ဘာလုပ်ရမည် နည်း။ ဒီတစ်ခါ ခင်ချမ်းသာနားမှာ ဖော် အတူလိုက်ပါနိုင်တော့သည် မ ဟုတ်။ ဖော့်အမေ နေမကောင်းသဖြင့် ဖော်ပဲ မိခင်ကြီးကို အနီးကပ် ပြု စုနေရတာ ခင်ချမ်းသာ သိသည် ။

ဘယ်လိုပဲဖြစ်ဖြစ် ဒီညညှော်ခံပွဲကို ခင်ချမ်းသာ သွားရမည်။ ဒီတစ်ခါ တော့ ခင်ချမ်းသာကိုယ်တိုင် သူ့ကို ကိုယ်ထိလက်ရောက် စော်ကားခြင်း မပြုမိအောင် သတိထားပြီးနေမှာ ဖြစ်သလို သူလိုလူတစ်ယောက်ကို ဘ ယ် လိုနည်းနဲ့ အကြောင်းဆုံး လက်တုံ့ပြန်ရမလဲဆိုတာကိုပဲ တစ်ချိန်လုံး တွေးနေသည် ။

လောလောဆယ်မှာ တော့ ဘာအကြံဉာဏ်မှ မရ။ ခင်ချမ်းသာ မှန် တင်ခုံရှေ့မှာ ထိုင်လျက် အလှပြင်နေ ရာမှ ဖြုန်းခနဲ ထရပ်လိုက်သည် ။

ဘယ်လိုပဲဖြစ်ဖြစ် ခင်ချမ်းသာကို ခံစားစေသလို သူလည်း ခင်ချမ်း သာလိုပဲ ခံစားရမည့် အချိန်လည်း ရှိ ရဦးမှာ ပါ။

အခု မကြံလည်း နောက်နောင်မှာ ကြုံတွေ့စရာ အခွင့်အရေးတွေ ရှိ လာတာနှင့် အောင်ကေတု ဆိုသည့် လူကို ခင်ချမ်းသာဘက်က လက်တုံ့ပြန်မည်ဟု ပိုင်းဖြတ်ပြီး ဘော်ငွေရောင် ဝတ်စုံလေးကို လှလှပ

ပ ကြွကြွရွရွ လေး ဝတ်ဆင်လိုက်သည် ။

"တူ... တူ... တူ"

မှန်ထဲမှ သူမအလှကို ကြည့်နေစဉ်မှာ ပင် ခင်ချမ်းသာ ဖုန်းလေး အသံမြည်လာသဖြင့် ကြည့်လိုက်တော့ ခင်ချမ်းသာကို ညှော့ခံပွဲ တက်ဖြစ်အောင်တက်ဖို့ ဖိတ်ထားသည့် ညှော့ခံပွဲပိုင်ရှင် မမစန္ဒာကိုယ်တိုင် ဖြစ်နေသည် ။

"ဟဲလို... ခင်လား"

"ဟုတ်ပါတယ် မမ"

"အေးကွယ်... ညီမ မလာဖြစ်မှာ စိုးလို့ မမ ဖုန်းဆက်လိုက်တာပါ၊ ညီမကို အထူးညှော့သည် တစ်ယောက် နဲ့ လည်း မိတ်ဆက်ပေးချင်လို့ ကွယ်"

"အခု အိမ်က ထွက်လာနေပြီလား"

"ခင် အခုပဲ ဖုန်းပြောပြီးရင် ကားပေါ်တက်တော့မှာ ပါ ရှင်"

"ဟုတ်ပါပြီ ညီမရယ်၊ ဒါဆို မမစန္ဒာ ညီမ အလာကို ဝမ်းသာအားရ စောင့်ကြိုနေရမှာ ပေ့ါကွယ်"

"မမ... ဖုန်းချလိုက်ပြီနော် ညီမ"

"ဟုတ်ကဲ့ပါ"

တစ်ဖက်က ဖုန်းချသွားသည် နှင့် ခင်ချမ်းသာ နည်းနည်းတော့ ရင်မောသွားသည် ။ မမစန္ဒာဟု ခင် ချမ်းသာ ခေါ်နေသော ဒေါ်စန္ဒာက သိပ်လှသလောက် ထက်မြက်သော ခင်ချမ်းသာနှင့် သူမ၏ ဥစ္စာခနေအင်အားတို့ ကို သိပ်ပြီး သဘောကျနေတာကို ခင်ချမ်းသာ သိပါသည် ။

မစန္ဒာတို့ ကိုယ်တိုင်လည်း ဆွေကြီးမျိုးကြီးတွေ ဖြစ်ကာ စီးပွားရေး လောကမှာ နာမည်ကြီး မိသားစု ဖြစ်သဖြင့် ခင်ချမ်းသာကို သူတို့ ဆွေမျိုးအုပ်စုထဲမှာ စာရင်းဝင်တစ်ယောက် သိပ်ဖြစ်စေချင်နေသလို နှုတ်ကလည်း ကိုယ်တိုင်ဖွင့်ဟ ပြောဆိုခဲ့သူ ဖြစ်သည် ။

မစန္ဒာ၏ မောင်တစ်ယောက် နိုင်ငံခြားမှာ ရှိသည် ။ ထိုသူနှင့် ခင် ချမ်းသာကို မိတ်ဆက်ပေးလို၍ အခုလို ညှော်ခံပွဲတစ်ခုကို မဖြစ်မနေ တ က်ရောက်ဖို့ ဖိတ်ခေါ်နေခြင်းဆိုတာ သူမ သိရှိနားလည်ထားသလို ခင် ချမ်းသာဆို သည့် သူမကလည်း ဘယ်လိုယောကျ်ားကိုမှ စိတ်ဝင်စား ခြင်း မရှိကြောင်း မစန္ဒာ သိစေချင်သည် ။

စိတ်ထဲက မပါသော်လည်း လူမှုရေးအရ သွားရဦးမည်။ ခင်ချမ်းသာ ရဲ့ စီးပွားရေး လုပ်ငန်းတွေနှင့် မစန္ဒာတို့ ကုမ္ပဏီက ဆက်စပ်ပတ်သက် နေသည် ။

"ကြီးကြီး... ခင်သွားတော့မယ်နော်၊ အပြန်နည်းနည်း နောက်ကျ လည်း စိတ်မပူနဲ့ သိလား"

"အေးပါကွယ်... အေးပါ၊ ကားကို ဖြည်းဖြည်းမောင်း ဟုတ်လား"

"ဟုတ်ကဲ့"

ကြီးကြီးကို နှုတ်ဆက်ပြီး ခင်ချမ်းသာ ကားလေးကို နေရာက မောင်းထွက်ခဲ့လိုက်သည် ။ ညှော်ခံပွဲကို ရောက်သွားသည့် အချိန်မှာ လူပ ရိသတ် စုံစပြုနေပြီ ဖြစ်သော်လည်း ခင်ချမ်းသာကို မြင်သည် နှင့် မစန္ဒာ က သူမ ရှိရာသို့ အပြေးရောက်လာသည် ။

"လာ... လာ... ညီမလေး မမနဲ့ လိုက်ခဲ့"

ညှော်သည် တွေကြားက ခင်ချမ်းသာ လက်ကလေး တစ်ဖက်ကို

တရင်းတနှီးလေး ဆွဲကိုင်ပြီး လူများကို ကျော်ဖြတ်ခေါ်ဆောင်လာရာ ခင်ချမ်းသာလည်း အပြုံးလှလှနှင့် ပင် အလိုက်သင့်လေး လိုက်ပါလာခဲ့သည် ။

လူတွေအများကြီးကို ဖြတ်ကျော်လာခိုက်မှာ ခင်ချမ်းသာ၏ ထုံးစံလေးအတိုင်း ဘယ်သူ့ကိုမှ အာရုံ မစိုက်နိုင်ပေမဲ့ အားလုံး၏ အကြည့်တွေကတော့ သိပ်လှသည့် ခင်ချမ်းသာထံမှာ သာ ဦးတည်ရစ်ဝဲလျက်ရှိရာ ထို မင်းပရိသတ် အလယ်ထဲမှာ ခင်ချမ်းသာ ကြည့်မရအောင် မုန်းသော အောင်ကေတု တစ်ယောက်လည်း ပါဝင်ခဲ့ သည့် အဖြစ်ကို သူမ မသိလိုက်ပါ။

ညီမခြင်း မိုးမွန်နေအောင် ခေါ်ပြီး ခင်ချမ်းသာ၏ လက်ကလေးတစ်ဖက်ကို မလွှတ်တမ်း ဆွဲယူဆုပ် ကိုင်ထားသူက တစ်နေရာမှာ ရပ်တန့်အဆုံးသတ်လိုက်ပြီး အပြုံးလှလှဖြင့် သူမကို လူတစ်ယောက်နှင့် မိတ်ဆက်ပေးပါသည် ။

"ခင်... ဒါ မမရဲ့ မောင်လေး တာရာပါ၊ မောင်လေး... ဒါ မမပြောပြောနေတဲ့ ခင်ချမ်းသာလေ၊ မလှ ဘူးလား ဟင်"

"သိပ်လှပါတယ်ဗျာ... တွေ့ရတာဝမ်းသာပါတယ် မခင်ချမ်းသာ"

"ကျွန်မလည်း ဝမ်းသာပါတယ်ရှင်"

ကမ်းပေးလာသော လက်ထဲသို့ ခင်ချမ်းသာ၏ ဖြူနုဝင်းဝါသော ဖယောင်းသွယ် လက်ကလေးကို ထည့် ပေးလိုက်ရပါသည် ။

မစန္ဒာ၏ မောင် တာရာဆိုသူက သူ့အစ်မလိုပင် သဘောကောင်းဖော်ရွေခြင်းနှင့် အတူ နူးညံ့သိမ်မွေ့ လျက် လူကြီးလူကောင်းဆန်သူ တစ်ယောက်ဖြစ်ကြောင်း သူနှင့် တစ်ဝိုင်းတည်း အတူထိုင်ဖြစ်သည့် အချိန်

လေး မှာ ပင် ကြည့်ရှုအကဲခတ်လိုက်မိသည် ။

အသားဖြူဖြူ၊ မျက်ခုံးထူထူနှင့် လူချောတစ်ယောက် ဖြစ်သော်လည်း ခင်ချမ်းသာအတွက် သာမန်လူ သားတစ်ယောက်ကို တွေ့မြင်ရခြင်း ထက် ပိုပြီးထူးခြားခြင်း မရှိပါ။

"မခင်ချမ်းသာက စကားနည်းတယ်နော်"

"ဩော်... ဒီလိုပဲ နေတတ်လို့ ပါရှင်၊ ပြောတဲ့ လူရှိရင်တော့လည်း နားထောင်ပါတယ်"

"ပြောတဲ့ လူ မရှိရင် နားမထောင်တော့ဘူးပေါ့ ဟုတ်လား"

"အဟင်း... ဟင်း... ဟင်း"

"အဟွန်း... ဟွန်း... ဟွန်း"

ဘာရယ်မဟုတ်ဘဲ အတူရယ်မောမိကြသည် ။ ဒါကိုပဲ မြင်ဖြစ် အောင် မြင်လိုက်ရသူက အောင်ကေတု။ မိတ်ဆွေအပေါင်းအသင်းတွေ နှင့် စကားပြောဆိုနေသည့် ကြားက သူ့မျက်လုံးတွေက ဘာကြောင့် ခင် ချမ်းသာဆို သည့် မိန်းမရှိရာကို မကြာခဏ ရောက်ရောက်သွားနေမိ မှန်း မသိပါ။

ကြည့်စမ်းပါဦး...။

အခုတော့လည်း သူစိမ်းယောကျ်ား တစ်ယောက်နဲ့ ပြောဆိုရယ်မော နေလိုက်တာ အောင်ကေတု တွေ့ဖူး တဲ့ ခင်ချမ်းသာမှ ဟုတ်ပါလေစဟု လည်း မကျေမနပ် တွေးနေမိသည် ။

သူနဲ့ တွေ့တိုင်း မျက်နှာလှလှလေးက အမြဲလို တည်တည်တင်းတင်း လေး ဖြစ်နေတတ်ရုံမက လေသံကျ ပြန်တော့လည်း ညင်သာ

ပျော့ပျောင်းမှု မရှိ။

အမြဲလို ရန်စကားဆိုနေသော နှင်းဆီဖူး နှုတ်ခမ်းအစုံက အခုတော့ လှပစွာ ပွင့်ဖူးလျက် ရယ်မောလိုက် ပုံလေးကျပြန်တော့လည်း ကလေးဆန်၊ အပြစ်ကင်းလွန်းတာမို့ သူကိုယ်တိုင် အမှတ်မထင် ငေးကြည့်နေမိသည့် အထိပါ။

"ဟော့လူ… ဘယ်လိုလဲဗျာ၊ ကျုပ်ပြောတာ ကြားရော ကြားရဲ့ လား"

"ကြားပါတယ်ဗျာ… ပြောမှ သာ ဆက်ပြောစမ်းပါ"

သူ့မိတ်ဆွေ ဦးတင်နိုင်၏ စကားကို ခပ်တည်တည် တုံ့ပြန်လိုက်ပေမဲ့ အောင်ကေတု နားထဲမှာ ဘာကိုမှ သည်းကွဲစွာ ကြားသိနေသည် မဟုတ်။

စိတ်လည်း မဝင်စားမိ။

အောင်ကေတု စိတ်ဝင်စားနေသည် က ခင်ချမ်းသာဆိုသည့် မိန်းမနှင့် သူမ ချစ်သူရည်းစားလား၊ အသိ မိတ်ဆွေလား မသိရသည့် လူတစ်ယောက် ဖြစ်သည် ။

မိန်းမတွေ… မိန်းမတွေ။

တယ်လည်း ကြောက်စရာ ကောင်းလိုက်ပါလား။ မလိုတစ်မျိုး လိုတစ်မျိုးဆိုတာ ခင်ချမ်းသာဆိုသည့် မိန်းမလိုမျိုးကို ဆိုလိုသည် ထင်ရဲ့ ။

အခုပဲ ကြည့်လေ။

အောင်ကေတုဆိုသည့် သူ့ကိုကျတော့ ခင်ချမ်းသာဆိုသည့် မိန်းမ ဆက်ဆံပြောဆိုပုံက တစ်မျိုး။ ဒေါသ မာန်မာနတွေ ခက်ထန်တင်းမာနေလိုက်တာ။

သံသရာ ဘဝအဆက်ဆက်က ရန်ငြိုးတွေ ရှိလာခဲ့သူတွေ အတိုင်း။ ဒါက အောင်ကေတုဆိုသည့် သူနဲ့ ပါ။ ဟိုလူနဲ့ ကျတော့ ခင်ချမ်းသာဆိုသည့် မိန်းမက ပျားရည်ပေါ် သကာလောင်းထားသလို ကြည်သာချိုမြနေ ရုံမက အသံလေးကျပြန်တော့လည်း တကယ့်ကို ကရဝိတ်သံကြိုးကြာသံ။

ခံပြင်းဒေါသတွေ ပြင်းထန်နေသူရှိရာ တိုက်ဆိုင်စွာ သူမအကြည့်လေးတွေ ရောက်လာချိန်မှာ အောင်ကေတု ရင်ထဲမှာ အတော့်ကို နေမထိ ထိုင်မသာ ဖြစ်သွားရကာ မျက်နှာချောချောသည် လည်း သူ့အလိုလိုတင်းမာမှုန်ကုပ်သွားသည် ။

"အဟင်း... ဟင်း... ဟင်း"

အောင်ကေတုဆိုသည့် လူ သူမကို ကြည့်နေမှန်း သိလိုက်ရတာမို့ ခင်ချမ်းသာ ချိုလွင်စွာ ရယ်မောလိုက် မိသည့် အခိုက်မှာ ပင် သူမ နားကို သူငယ်ချင်းဖြစ်သူ မဋ္ဌူရောက်လာသည် ။

"ဟိတ်... ခင်"

"ဩော်... မဋ္ဌူ၊ လာ ထိုင်လေ"

"ဟင့်အင်း... တို့ က ဟိုဘက်ဝိုင်းမှာ မမစင်သီတာတို့ လည်း ပါတယ်။ လိုက်နှုတ်ဆက်လိုက်ပါဦးကွာ"

"ခဏလေးနော် တာရာ"

"ရပါတယ်ဗျာ"

မဋ္ဌူ ဆွဲခေါ်ရာနောက်ကို ခင်ချမ်းသာ အတူပါလာသည် ။ ဖြစ်ချင်တော့ ခင်ချမ်းသာ ထိုင်ရမည့် စားပွဲ ဝိုင်းနှင့် အောင်ကေတု စားပွဲဝိုင်းက ကပ်လျက်ဖြစ်နေရုံမက သူမ ထိုင်ရမည့် ခုံနှင့် သူ ထိုင်နေသည့် ခုံက

လည်း သိပ်အလှမ်းမဝေးလှပါ။

"မမစင်သီ"

"ဟင်... ခင်ရယ် ကြည့်ပါဦးကွယ်၊ မိုးပေါ်က နတ်သမီးလေး ကျနေတာပဲ၊ လှလိုက်တာကွယ်"

"မမကလည်း ပြောတော့မယ်၊ ခင် ခြေထောက်တွေ မြေကြီးနဲ့ မထိတော့ဘူး ထင်တယ်"

"ဘာဖြစ်လို့ လဲ ခင်ရဲ့ "

"ဖိနပ်အမြင့်ကြီးစီးထားလို့ ပေါ့ မမစင်သီ"

"အဟင်း... ဟင်း... ဟင်း"

ခင်ချမ်းသာ စကားအဆုံးမှာ အားလုံး လွတ်လပ်ပျော်ရွှင်စွာ ရယ်မောလိုက်ကြသည် ။

"ခင်... ခင် ဒါကြောင့် လည်း ခင်ချမ်းသာဆိုတဲ့ ခင်ကို မြင်တဲ့ တွေ့တဲ့ လူတိုင်းက ချစ်ကြခင်ကြတာပဲ"

"မမစင်သီမှာ မောင်ရှိရင် ခင့်ကို ယောင်းမတော်ချင်တာ သိလား"

"မလုပ်ပါနဲ့ မမစင်သီရယ်၊ တော်ကြာ မမအကြံကို မစန္ဒာကြားသွားလို့ အကြံတူ ရန်သူဆိုပြီး လာရန် လုပ်နေပါဦးမယ်"

"အေး... အဲဒါလည်း ဟုတ်တယ်၊ အနားမှာ စန္ဒာ မရှိဘူး မဟုတ်လား မဍူ"

"အဟင်း... ဟင်း... ဟင်း"

ရယ်သံလေးတွေ အုတ်အုတ်ကျက်ကျက် ထွက်လာသည် ။ ခင်ချမ်းသာဆိုသည့် မိန်းမကို ယောကျ်ားတွေ သာမက မိန်းမချင်းကလည်း နှစ်

လိုကြည်ဖြူစွာ ခင်မင်ကြသည့် အဖြစ်က အောင်ကေတုကိုယ်တိုင် တွေ့မြင် ကြားသိနေရခြင်းပါလား။

ရှေ့မှာ သူငယ်ချင်း မိတ်ဆွေတွေနှင့် စကားဟန်မပျက် ဆိုနေပေမဲ့ အောင်ကေတုနား မျက်စိတွေက ခင်ချမ်းသာထံမှာ သာ စူးစိုက်ကျရောက်နေမိသည် ။

"ဟိတ်ကောင်... အောင်ကေတု ဟိုဘက်ဝိုင်းက ထိုင်နေတာ မင်းရဲ့ ချစ်ချစ် မဟုတ်လား"

"ရှူး"

"တိုးတိုးလုပ်ပါကွ... တော်ကြာ သူ ကြားသွားလို့ ဘဝင်မြင့်နေပါဦးမယ်၊ ငါလိုလူက သူလို မိန်းမမျိုး မပြောနဲ့ နတ်သမီး ကိုယ်ထင်ဆင်းပြရင်တောင် မိန်းမဆိုရင် စိတ်ကုန်လွန်းလို့ ၊ ဆောရီးပဲ"

"မင်းကွာ... ငါတို့ ကျတော့ တိုးတိုးပြောပါဆိုပြီး မင်းကျတော့ အသံပြဲကြီးနဲ့ ၊ ဟိုဘက်က ကြားသွား လို့ ပြေးပေါက်မှားနေပါဦးမယ်"

"ဂရုစိုက်လို့ ကွာ... သူ့အကြောင်းပြောတာမှ မဟုတ်ဘဲ၊ ကိုယ့်အကြောင်း ကိုယ်ပြောတဲ့ ဥစ္စာ"

အောင်ကေတုက အလျှော့မပေးပါ။ ခင်ချမ်းသာဆိုသည့် မိန်းမနှင့် ကြားလောက်အောင် တမင်ပြောရင်း သူမကို အရသာရှိရှိ ကလိနေခြင်းဖြစ်သည် ။

အောင်ကေတု သူငယ်ချင်းတွေက ခင်ချမ်းသာ ရှိရာကို လိပ်ပြာမလုံသလို တစ်ချက်လှမ်းကြည့်လိုက် ချိန်မှာ ခင်ချမ်းသာကလည်း အောင်ကေတုဆိုသည့် လူရမ်းကား ပြောဆို စော်ကားနေသမျှအားလုံး အတိုင်းသား ကြားနေရခြင်းဖြင့် ခံပြင်းဒေါသလေးများ နှင့် အသားဆတ်ဆတ်

တုန်ချင် လာရပါပြီ။

ပြောတော့ဖြင့် သူတို့ ကိုယ် သူတို့ မင်းယောကျ်ား ဘာညာနဲ့ ။ လူများ အထင်ကြီးလေးစားအောင် လျှာ ရိုးမရှိတိုင်း လျှောက်ပြောနေကြတာ မရှက်လို့ ပဲ ဖြစ်မည်။

တကယ်မြင့်မြတ်သော ယောကျ်ားကောင်း၊ ယောကျ်ားမြတ်ဟူသည် တစ်ဖက်သားကို မိန်းမလို မိန်းမရ အောက်တန်းစား စကားတွေ ပြောနေကြမည့် သူများ မဟုတ်ပါ။

"ခင် မျက်နှာလေးက ကြည်နေတာပဲကွယ်၊ ဘာဆေးတွေများ စားလို့လဲ"

မမစင်သီ စကားကြောင့် ခင်ချမ်းသာ မျက်နှာလေး လှပစွာ ပြုံးသွားသည် ။

"ဘာဆေးမှ မစားပါဘူး မမရယ်၊ စိတ်ကောင်း စေတနာကောင်းထားပြီး မြင့်မြတ်စင်ကြယ်တဲ့ မေတ္တာ တရားကို လက်ကိုင်ထားလို့ အခုလို စိတ်ကြည်တော့ ရုပ်ကပါလိုက်ပြီး ကျက်သရေ ရှိနေရတာပေါ့ရှင်၊ တချို့ဆို သူတို့ ကိုယ် သူတို့ ငါယောကျ်ားကြီးပါလားလို့ သတိမရနိုင်အောင် အကုသိုလ်မီးတွေ လောင်ကျွမ်းပြီး ခင်တို့လို အားနွဲ့တဲ့ မိန်းမသားတွေအပေါ်မှာ အပြိုင်အဆိုင် စိတ်နဲ့ အူပုတ်အသည်းပုတ်လို့ သူတို့မျက်နှာရော အသည်း နှလုံးရော မည်းညစ်ပုတ်သိုးပြီး ကျက်သရေ မရှိတဲ့ မျက်နှာဖြစ်နေတဲ့ သူတွေလည်း ရှိနေပါတယ်ရှင်"

"အဟင်း... ဟင်း... ဟင်း"

"ဟုတ်တယ်... ဟုတ်တယ် အဲဒီလိုလူမျိုး မမလည်း တွေ့ဖူးတယ်၊ တချို့ဆို လူလူချင်း မတူမတန် သလို ပုံစံနဲ့ တလောကလုံးကို သူက

လုပ်ကျွေးနေရတဲ့ အတိုင်း သူတို့ မျက်နှာကို မှုန်ကုပ် ပုပ်သိုးထားတာ တွေ့ဖူးတယ်"

"သေချာရှာကြည့်ရင် ဒီအနီးအနားမှာ တောင် အဲဒီလို အဆင့်မမီတဲ့ လူမျိုး တွေ့ချင်တွေ့နေရဦးမှာ မမရဲ့ "

"ဟုတ်တယ်... ဟုတ်တယ်"

ရယ်သံလေးတွေ ချိုလွင်စွာ ထွက်လာပြန်ရာ အောင်ကေတုမှာ သူ့ကို ပြန်လည်စောင်းမြောင်း ပြောဆို မှုန်း သိသိနှင့် အခံရခက်လျက် ရှိနေပါသည် ။

သူများကို ပြောလိုက်တုန်းကတော့ အရသာရှိသလောက် ကိုယ့်ကို ပြန်အပြောခံရသည့် အလှည့်ကျ တော့ မဟန်ပါလား။

မအီမလည် ဝေဒနာကြီးနှင့် အတူ လည်ချောင်းနား ရောက်နေသော ရင်ထဲက ဒေါသတွေကို အချိုရည် ဖြင့် ဇွတ်ရောမျိုချရင်း ဒီနေရာမှာ ဆက်နေလို့ မဖြစ်တော့သည့် အတူ သူငယ်ချင်း အပေါင်းအသင်းတွေကိုပါ တစ်ခါတည်း နှုတ်ဆက်လိုက်သည် ။

ကြာရင် ခင်ချမ်းသာဆိုသည့် မိန်းမနှင့် လွယ်မည်မဟုတ်။ ဒါတောင် သူ့နောက်က ရယ်သံမျှင်းမျှင်း လေး အတူလိုက်ပါလာသေးသည် ။

ခင်ချမ်းသာ... ခင်ချမ်းသာ။

မင်းအလှည့်ရောက်နိုင်တုန်းတော့ ပြုံးထားဦးပေါ့ကွာ။

နောက်မှ အောင်ကေတု ဘယ်လိုလူစားလည်း ဆိုတာ သိသွားမှ မှားပါပြီ လာလုပ်မနေနဲ့ ။

ကားကို နေရာမှ ခပ်ကြမ်းကြမ်းလေး မောင်းထွက်ခဲ့သည် ။ လူက

သာ အိမ်ကို ပြန်လာခဲ့ရသော်လည်း သူ့စိတ်တွေကတော့ ခင်ချမ်းသာဆိုသည့် မိန်းမအပေါ်မှာ ကျိတ်မနိုင် ခဲမရစိတ်တွေနှင့် ဘာကို ဒေါသဖြစ်မှန်း မသိအောင်ကို ပူလောင်ခံပြင်း နာကျင်မဆုံး ရှိနေရပါတော့သတည်း။

***